## မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ
## (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၁ ။ )
## The Myanmar Accountancy Council Law
## (The Pyitdaungsu Hluttaw Law No. 31, 2015)

**၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်**

**(၂၀၁၅ ခုနှစ်၊ ဇွန်လ ၅ ရက်)**

**The 4th Waning of Nayon, 1377 M.E.**

**(5 June, 2015)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

The Pyitdaungsu Hluttaw hereby enacts this Law.

### အခန်း(၁)
### အမည် နှင့် အဓိပ္ပာယ်ဖော်ပြချက်
### Chapter I
### Title and Definition

၁။ ဤဥပဒေကို **မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ**ဟု ခေါ်တွင်စေရမည်။

1. This law shall be called **the Myanmar Accountancy Council Law.**

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း **အဓိပ္ပာယ်** သက်ရောက်စေရမည် -

2. The following expressions in this Law shall have the meanings given hereunder:

(က) **ကောင်စီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် မြန်မာနိုင်ငံစာရင်းကောင်စီကို ဆိုသည်။

(a) **Council** means the Myanmar Accountancy Council formed under this Law;

(ခ) **စာရင်းပညာ** ဆိုသည်မှာ ဘဏ္ဍာရေးစာရင်းပညာ၊ စီမံခန့်ခွဲမှုစာရင်းပညာ၊ တန်ဖိုးတွက်စာရင်းပညာနှင့် စာရင်းစစ်ဆေးခြင်း ပညာတို့ကိုဆိုသည်။ ယင်းစကားရပ်တွင် စာရင်းပညာကို အခြေခံပြုသည့် လုပ်ငန်းပညာရပ်များလည်း ပါဝင်သည်။

(b) **Accountancy** means financial accounting, management accounting, cost accounting, and auditing. In this expression, accounting-based subjects are also included;

(ဂ) **စာရင်းလုပ်ငန်း** ဆိုသည်မှာ စာရင်းထားသိုခြင်း၊ စာရင်းပြုစုခြင်း၊ ဘဏ္ဍာရေးရှင်းတမ်းများ ရေးဆွဲပြုစုခြင်း၊ ဌာနတွင်း စာရင်းစစ်ဆေးခြင်း၊ ဘဏ္ဍာရေးရှင်းတမ်း

များစစ်ဆေးခြင်း၊ စာရင်းရှင်းတမ်း သို့မဟုတ် စာရင်းတင်ပြချက် သို့မဟုတ် စာရင်း ဖော်ပြချက်အပေါ် ခိုင်လုံမှုစိစစ်သုံးသပ်ခြင်း၊ ကျသင့်သည့်အခွန် သို့မဟုတ် တန်ဖိုး တွက်ချက်ခြင်း၊ စာရင်းစနစ်တီထွင်ချမှတ်ခြင်း၊ စာရင်းစနစ်စိစစ်ခြင်း၊ စာရင်းပညာ သင်ကြားခြင်း၊ စာရင်းလုပ်ငန်းနှင့်စပ်လျဉ်း၍အတိုင်ပင်ခံခြင်း၊ အကြံပေးခြင်း၊ အခွန်၊ ဘဏ္ဍာရေး၊ စီမံခန့်ခွဲရေး၊ ရင်းနှီးမြုပ်နှံမှုတို့နှင့်စပ်လျဉ်း၍ အတိုင်ပင်ခံခြင်း၊ အကြံ ပေးခြင်းတို့ကိုဆိုသည်။ ယင်းစကားရပ်တွင် ကောင်စီက အခါအားလျော်စွာ သတ်မှတ်သည့် စာရင်းလုပ်ငန်းများလည်း ပါဝင်သည်။

(c) **Accounting** means bookkeeping, preparing accounts, drawing financial statements, internal auditing, examination of financial statements, reviewing the soundness of a statement or submission of an account, or accounting disclosures, computing tax and costs, inventing and prescribing the accounting system, reviewing the accounting system, accounting training, consultancy and advice on accounting matters, providing consultancy and advice in respect of taxation, finance, management, and investment. In this expression, accounting services prescribed from time to time by the Council are also included;

(ဃ) **စာရင်းလုပ်ငန်းနယ်ပယ်** ဆိုသည်မှာ စာရင်းပညာဖြင့် အသက်မွေးမှုလုပ်ငန်းနယ်ပယ် များဖြစ်သည့် အများနှင့်ဆိုင်သော စာရင်းလုပ်ငန်းနယ်ပယ်၊ ပုဂ္ဂလိကကဏ္ဍစာရင်း လုပ်ငန်းနယ်ပယ်၊ အစိုးရကဏ္ဍစာရင်းလုပ်ငန်းနယ်ပယ်နှင့် စာရင်းပညာ သင်ကြားမှု လုပ်ငန်းနယ်ပယ်တို့ကို ဆိုသည်။

(d) **Accounting Field** means professional accounting fields such as public sector accounting field, private sector accounting field, Government sector accounting field, and accounting training field;

(င) **စာရင်းကိုင်အလုပ်သင်** ဆိုသည်မှာ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း အစီအစဉ်အရ ကောင်စီက သတ်မှတ်သည့်အတိုင်း စာရင်းပညာလက်တွေ့သင်ယူ နေသူကို ဆိုသည်။

(e) **Apprentice Accountant** means a person who has been undergoing practical training as prescribed by the Council under the certified public accountant training programme;

(စ) **စာရင်းကိုင်အလုပ်သင်လုပ်သက်** ဆိုသည်မှာ ကောင်စီက သတ်မှတ်သည့်အတိုင်း စာရင်းပညာ လက်တွေ့သင်ယူရမည့် ကာလကို ဆိုသည်။

(f) **Apprenticeship as an Accountant** means the period of practical training in Accountancy as prescribed by the Council;